# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန်အဖိုးတန် တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ် ပြုစုထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးကြီး

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၆) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

**ယနေ့ ဖတ်စရာ**

**အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့**

ဆောင်းပါး | စာ ၁၀

**ဘိုးအင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသယာဉ် အာကာသယာဉ်မှူးများမပါဘဲ ကမ္ဘာမြေပေါ် ပြန်လည်ဆင်းသက်**

နိုင်ငံတကာသတင်း | စာ ၁၃





ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၂ ရက်သာ လိုတော့သည်။

## ပဋိပက္ခကင်းစင်ရေး၊ ငြိမ်းချမ်းရေးနှင့် စာတတ်မြောက်ရေး၊ ပညာတတ်ပေါများရေး

စာတတ်မြောက်ခြင်းသည် လူသားတစ်ဦးအတွက် အရည်အသွေးတစ်ရပ်ပင်ဖြစ်ပြီး လူမှုဘဝတိုးတက်မြင့်မားရေးအတွက် အရင်းအမြစ်တစ်ခုကို ပိုင်ဆိုင်ခြင်းလည်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့်မူ နိုင်ငံသားတိုင်း စာတတ်မြောက်ကြရန်၊ အခြေခံအရေး၊ အဖတ်၊ အတွက်အချက်တတ်မြောက်ခြင်းမှသည် ဗဟုသုတကြွယ်ဝသူများ၊ ကျွမ်းကျင်သူများဖြစ်လာပြီး လူ့စွမ်းအားအရင်းအမြစ်ကောင်းပိုင်ဆိုင်နိုင်ရန် အရေးကြီးသည်။ ထို့အပြင် လူတိုင်းစာတတ်မြောက်ခြင်းသည် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးတို့အတွက်လည်း အရေးပါသည်။

မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိနေသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်းရှိနေသည်။ မြန်မာနိုင်ငံသည် နိုင်ငံသူ နိုင်ငံသားများ စာတတ်မြောက်ရေးကို အလေးအနက်ဂရုပြုသောနိုင်ငံဖြစ်ပြီး နိုင်ငံလွတ်လပ်ရေးရသည့် နှစ်မှာပင် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းကို "၁၉၄၈ ခုနှစ် လူထုပညာသင်ကြားရေးကောင်စီအက်ဥပဒေ" ပြဋ္ဌာန်းပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ၁၀ နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ အသက် ၁၆ နှစ်နှင့်အထက် စာမတတ်သူများ အခြေခံအရေး၊ အဖတ်၊ အတွက် အ သုံးလုံးကျေတတ်မြောက်ရေး လေးနှစ်တာသင်ကြားပေးခဲ့သည်။

၁၉၆၉ ခုနှစ်တွင် အ သုံးလုံးကျေ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ကြွညီညွတ်စွာ လုပ်အားပေးပါဝင်မှုများဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြစ်လာပြီး မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်တို့တွင် ဆောင်ရွက်ခဲ့ရာ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ကြောင်း ကြေညာနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်းသည် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလအတွင်း မြို့နယ်ပေါင်း ၃၀၀ ခန့်မှ စာမတတ်သူ ၂၄ သိန်းကျော်ကို စေတနာလုပ်အားရှင်ပေါင်း ငါးသိန်းခန့်၏ စွမ်းဆောင်မှုဖြင့် စာတတ်မြောက်စေခဲ့သည်။ မြန်မာနိုင်ငံ၏ စာမတတ်သူပပျောက်ရေး၊ စာတတ်မြောက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂက အသိအမှတ်ပြုခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပါလဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုတို့ကို ဂုဏ်ပြုပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများမှာ ဆက်လက်ရှင်သန်လျက်ရှိပြီး နှစ်အလိုက်အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိသည့်အလျောက် သက်ကြီးစာတတ်မြောက်မှုနှုန်းမှာလည်း မြင့်မားခဲ့သည်။ ယခုနှစ် မေလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် "မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှု စာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းအရ ပျမ်းမျှအားဖြင့် ၈၂ ရာခိုင်နှုန်းခန့်သည် စာတတ်မြောက်မှုရှိသည်ကို တွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများရရှိအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင်ကျရောက်သည့် ၅၈ နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်မှာ "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့" "Promoting multilingual education: Literacy for mutual understanding and peace" ဟူ၍ ဖြစ်သည်။ ပညာတတ်ပေါများခြင်း၊ အသိပညာကြွယ်ဝခြင်းသည် နိုင်ငံဖွံ့ဖြိုးရေးအတွက်ရော နိုင်ငံရေးစနစ် တည်ငြိမ်ရေးအတွက်ပါ လိုအပ်သည်။ အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်ရန်လိုအပ်သည့်အလျောက် လူတိုင်းစာတတ်မြောက်ရေး ထိုမှတစ်ဆင့် ပညာတတ်များ ပေါကြွယ်ဝရေး နိုင်ငံတော်၏ကြိုးပမ်းဆောင်ရွက်မှုများတွင် ကျရာကဏ္ဍမှ ကိုယ်စီတာဝန်ကျေပွန်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈ -၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၇၅ | ၃၂၈၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၂၅၀ |
| 95 Ron | ၃၃၅၅ | ၃၄၃၅ | ၃၄၁၀ | ၃၃၆၅ | ၃၄၃၅ | ၃၄၅၀ | ၃၄၆၀ | ၃၄၁၅ | ၃၅၄၀ | ၃၅၇၀ | ၃၄၂၅ | ၃၄၄၀ | ၃၄၇၀ | ၃၄၆၀ | ၃၄၇၅ | ၃၈၇၅ | ၅၄၅၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၇၈၅ | ၂၇၇၀ | ၂၇၂၀ | ၂၇၈၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၀ | ၂၉၃၀ | ၂၇၈၀ | ၂၈၀၀ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၃၅ | ၅၂၅၀ |
| HSD (50 ppm) | ၃၃၈၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |
| HSD (10 ppm) | ၃၃၈၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၄၄ |
| 95 Ron | ၃၁၈၇ | ၃၂၈၄ |
| HSD (500 ppm) | ၂၅၆၄ | ၂၆၄၅ |
| HSD (50 ppm) | ၃၂၂၄ | ၃၃၁၈ |
| HSD (10 ppm) | ၃၂၂၄ | ၃၃၁၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပုဗ္ဗသီရိမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု တံတားဦးကျေးရွာ ဓမ္မာရုံ၌ ယနေ့ မွန်းလွဲ ၂ နာရီက ပြည်သူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို လာမည့်အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်လုံသော အခြေခံအချက်အလက်များဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် အချက်အလက်များ တိကျမှန်ကန်စွာရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်သူများအားလုံးက ပူးပေါင်းပါဝင်ပေးရန် အသိပညာပေးဆွေးနွေးသည်။



အဆိုပါ ဟောပြောပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တံတားဦးကျေးရွာ ဒေသခံ ၇၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**သီဟစည်သူ**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ *ရှေ့ဖုံးမှ*

ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီ သစ်ပင်စိုက်ပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေး စသည့် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

**ဖွံ့ဖြိုးရေးကို**
**အထောက်အကူပြု**

**"မိုးပေါ်ကရေ၊ မြေပေါ်ကတော၊ မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့တော"** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန် အဖိုးတန်လှကြောင်း၊ သစ်ပင်များ၏ အမြစ်များသည် မြေဆီလွှာကို ကုပ်တွယ်ထိန်းသိမ်းထားပြီး ရွက်အုပ်ပင်စည်များနှင့်အတူ မြေပြင်တွင် ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် သဘာဝရေစစ်ကန်၊ ရေလှောင်ကန်များသဖွယ် အကျိုးပြုလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

ရေချိုအရင်းအမြစ်များ ဖြစ်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ဆည်တာတမံများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသရှိ သစ်ပင်သစ်တောများကို ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ **"ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ သစ်ပင်ရုံမှ သဏ္ဌာန်လှပမြဲထာဝရ"** ဆိုသည့်အတိုင်း သစ်ပင် သစ်တောများရှိမှသာ မြေတိုက်စားမှု၊ ရေတိုက်စားမှုများမှ ကာကွယ်ပြီး ဆည်များ ရေရှည်တည်တံ့စေမည် ဖြစ်ကြောင်း၊ လတ်တလော ကြုံတွေ့နေရသည့်ရေကြီးရေလျှံမှုများသည်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ရေဝေရေလဲ သစ်တောများ အကြောင်း အမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးခြင်း၊ နုန်းအနည်အနှစ်များ ပို့ချမှုများခြင်း၊ ရေစီးရေလာများ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ပျက်စီးခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

**အမြဲမပြတ် ပြုစု ထိန်းသိမ်းစောင့်ရှောက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိစေရန်၊ အပူဒဏ် လျော့ပါးသက်သာစေရန်၊ ကျေးလက်နေပြည်သူများအတွက် ထင်း၊ တိုင်၊ မျောစသည့် အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် သစ်တောစိုက်ပျိုးရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ်ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးကြောင်း။

ယခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကို လေ့လာကြည့်ပါက ယခင်က တစ်ခါတစ်ရံသာ ရေကြီးခဲ့သည့် မြို့များ၌ ယခုအခါ နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်ကို တွေ့ရကြောင်း၊ သဘာဝကို ကောင်းအောင် ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင် ဖန်တီးသည်မှာ လူသားများပင်ဖြစ်ကြောင်း၊ လူသာလျှင် ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါး နေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက် သွားကြမည်ဆိုလျှင် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာကာကွယ်လျော့ချသွားနိုင်မည်ဖြစ်ကြောင်း။

**“သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန် အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးမှု”** ဟု ဆိုသည့်အတိုင်း သဘာဝ သယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်း ထိန်းသိမ်း ပြုစုစောင့်ရှောက်မှသာ နောင်သားစဉ် မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များက ကြွယ်ဝသည့် ပတ်ဝန်းကျင်ကောင်း တစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံအဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသ အသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း Land-scape များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထား ဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

**ပျိုးပင်များစိုက်ပျိုးပေး**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် တတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပွဲတော် ၁၀ ကြိမ်၊ စိုက်ပင်ပေါင်း ၁၇၆၇၇ ပင်၊ နိုင်ငံနှင့်အဝန်း သစ်ပင်စိုက်ပွဲတော် ၁၅၈၄ ကြိမ်၊ စိုက်ပင်ပေါင်း ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိရာ၌ ယခုနှစ် အပါအဝင် နိုင်ငံအဝန်း သစ်ပင်ပေါင်း ၂၂ ဒသမ ၈၅၆ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပွဲတော် ၁၀ ကြိမ်၊ စိုက်ပင်ပေါင်း ၁၇၆၇၇ ပင်၊ နိုင်ငံနှင့်အဝန်း သစ်ပင်စိုက်ပွဲတော် ၁၅၈၄ ကြိမ်၊ စိုက်ပင်ပေါင်း ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိရာ၌ ယခုနှစ် အပါအဝင် နိုင်ငံအဝန်း သစ်ပင်ပေါင်း ၂၂ ဒသမ ၈၅၆ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ Naypyitaw State Academy တက္ကသိုလ်ပရဝဏ်အတွင်း သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး တက္ကသိုလ်ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များ လမ်းညွှန်မှာကြား

**နေပြည်တော် စက်တင်ဘာ ၇** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Academy သို့ ရောက်ရှိကြပြီး တက္ကသိုလ်ပရဝဏ်အတွင်း ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ တက္ကသိုလ်အတွင်း ဘွဲ့နှင်းသဘင်ခန်းမနှင့် စာသင်ဆောင်များ ဆောက်လုပ်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး တက္ကသိုလ်ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ Naypyitaw State Academy တက္ကသိုလ်ပရဝဏ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Polytechnic University သို့ ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ အဆောက်အဦများ ဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်း တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်းဓာတ်ပုံများ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုစလိန္ဒာရေအိုင်နှင့်နဂါးရုံဘုရား၊ မြတ်စွာဘုရားတရားဦးဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တော၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန် စံဝင်တော်မူရာ အင်ကြင်းတောနှင့် မြတ်စွာဘုရား

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ပရဝဏ်အတွင်း အဆောက်အဦများ ဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်းတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်တို့ကို လှည့်လည်ဖူးမြော်ကြည်ညို၍ သံဃာတော်များနားနေဆောင်များနှင့် ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် စေတီတော်ကြီးပရိဝုဏ်တော်အတွင်း ချုံနွယ်ပေါင်းမြက်များ မရှိစေရေးဆောင်ရွက်ရန်၊ အမြဲသန့်ရှင်းသာယာလှပနေစေရေး ဆောင်ရွက်ရန်၊ စေတီတော်ကြီးနှင့် အခြားအဆောက်အဦများ ရေရှည်တည်တံ့စေရေး စနစ်တကျပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန်၊ သံဃာတော်နားနေဆောင်များ သန့်ရှင်းမှုရှိနေစေရေးဆောင်ရွက်ရန်၊ ဓမ္မာရုံကြီး၏ မျက်နှာကြက်နှင့် ကြမ်းခင်းပျက်စီးနေမှုများအား စနစ်တကျပြုပြင်ဆောင်ရွက် သွားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝဇီရာနန္ဒသုဗောဓာရုံ ကျောင်းတိုက်၊ ဝဇီရာဓမ္မဇောတိကာ သိမ်တော်ကြီးသို့ရောက်ရှိပြီး သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ဆက်လက်၍ ကျောင်းထိုင်ဆရာတော် ဝိနယရေ၊ ဥဘတောဝိဘင်္ဂကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တဇောတိဝရအား ဖူးမြော်ကြည်ညို၍ စာသင်သံဃာများ စာသင်ကြားနေမှုအခြေအနေများနှင့် ကျောင်းအတွက်လိုအပ်ချက်များကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်းဓာတ်ပုံပြခန်းများ လှည့်လည်ကြည့်ရှုစဉ်။**

## ပြင်ဦးလွင်မြို့၌ မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း မျောက်ကျောက် (Monkey Pox)ရောဂါနှင့် ပတ်သက်၍ စက်တင်ဘာ ၂ ရက်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူ ၃၉၉ ဦးကိုလည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ဇီးပင်ကြီး ရဲသင်တန်းကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ ၈၈၃ ဦးတို့ကို လည်းကောင်း တာဝန်ရှိသူများက ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် ပြင်ဦးလွင်ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက မျောက်ကျောက် (Monkey Pox) ရောဂါနှင့်ပတ်သက်၍ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ မျောက်ကျောက်ရောဂါ သံသယဖြစ်ဖွယ် လက္ခဏာများ ၊ မျောက်ကျောက်ရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ လက်ရှိမျောက်ကျောက်ရောဂါ ဖြစ်ပွားနေသည့် နိုင်ငံများအကြောင်း၊ သံသယဖြစ်ဖွယ် မျောက်ကျောက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ အသေးစိတ် ရှင်းလင်း ပြောကြားသည်။

ဆက်လက်ပြီး သင်တန်းသား သင်တန်းသူများက မျောက်ကျောက်ရောဂါ ( Monkey Pox) နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

မင်္ဂလာဒုံခရိုင်၌ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ထောက်ကြန့်သပြေညိုခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမအသင်းလီမိတက်မှ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာသိန်းက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်္ဂလာဒုံခရိုင် သမဝါယမအသင်းအဖွဲ့ဝင် ဒေါ်ယဉ်ယဉ်ရွှေက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းပြီး သမဝါယမအသင်းလီမိတက် ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်ရွှေက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ်ခေါင်းဆောင် ဦးသန်းညွန့်က ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆိုင်ရာနှစ်ချုပ်ဘဏ္ဍာရေးစာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နော်ခမ်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၇ ရက်က အောင်သုခရပ်ကွက်ရှိ ဘုရားနှစ်ဆူ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။**

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၇ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

### မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည်-

(၁) ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း
ဂေါပကအဖွဲ့ဝင်
စိန်မေရီကက်သလစ်ဘုရားကျောင်း

(၂) ဦးသန်းဝင်း
ဂေါပကအဖွဲ့ဝင်
ပိန္နဲကုန်းဂျာမေဗလီ

(၃) ဦးတင်ကိုကို
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၈ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

### တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဟန်ကျင့်ဇမ်း အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ကို နံနက်ပိုင်းတွင် အဆိုပါလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပညာရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ် အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။



အဆိုပါ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို နယ်စပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးကြသည်။(**အပေါ်ပုံ**)

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၉ ရက်ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပမည်ဖြစ် ပြီး ဗိုလ်လုပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များက ကရင်ပြည်နယ် ဘားအံမြို့ မိန်လှကုန်းကျေးရွာ ဝိဇ္ဇာလင်္ကာရဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ မြို့မဘုန်းတော်ကြီး ကျောင်းတိုက်အတွင်း စက်တင်ဘာ ၇ ရက်က မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကိုထက်(ပြန်/ဆက်)

# နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် စိတ္တရ မဟီရပ်ကွက် ၃၀x၇၄ လမ်းထောင့် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းရှိ မန်းတောင်ရိပ် ကိုးထပ်ဆောင် ကိုးလွှာရှိ ဘက်စုံသုံး ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ် ဦးမြင့်အောင်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ကျော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးနှင့် ဆရာဝန်ကြီးများ တက်ရောက်ကြသည်။



**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းရဲအကူ တပ်ဖွဲ့ခွဲ၊ သတင်းရဲတပ်ဖွဲ့ခွဲတို့မှ အရာရှိ ၃၈ ဦး၊ အခြားအဆင့် ၇၂ ဦး၊ စာရေးဝန်ထမ်းသုံးဦး၊ စုစုပေါင်း သွေးလှူရှင် ၁၁၃ ဦးတို့ကို သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒ ဆရာဝန်ကြီး ပါမောက္ခဒေါက်တာနီလာဝင်း၊ အထူးကု ဆရာဝန် ဒေါက်တာစုလှိုင်ဦးနှင့် ကျန်းမာရေး ဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစစ်ဆေးမှု များဆောင်ရွက်၍ သွေးဖောက်လက်ခံရယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ (ဝဲပုံ) သွေးလှူရှင် များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားဆေး၊ အာဟာရဖြည့်စွက်စာနှင့် အမှတ်တရလက်ဆောင် များ ပေးအပ်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက် သွေးအလှူရှင်များကိုယ်စား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်က သွေးအိတ်များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ကျောင်းများဖွင့်လှစ်နိုင်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး


**လွိုင်ကော် စက်တင်ဘာ ၇**

ကယားပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်း တက္ကသိုလ်၊ ကောလိပ်များနှင့် သိပ္ပံကျောင်းများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး အလေးထားစီမံ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီး ချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲ ရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များနှင့် တာဝန်ရှိသူများ သည် လွိုင်ကော်ပညာရေး ဒီဂရီ ကောလိပ်နှင့်ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ကျောင်းများ ပြန် လည် ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်နေမှုများနှင့် သန့်ရှင်းသာယာလှပရေး ဆောင် ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ် နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင် ရွက်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။ ဆက် လက်၍ ကျောင်းပြန်လည်ဖွင့်လှစ် နိုင်ရေးအတွက် စာသင်ဆောင် များ၊ အိပ်ဆောင်များ၊ စားရိပ်သာ များ၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ များကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီး ချုပ်က ဒေသအခြေအနေအရ ပိတ်ထားခဲ့ရသော ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စာသင် ဆောင်များ၊ ရုံးခန်းများ၊ အိပ် ဆောင်များ၊ စားရိပ်သာများ၊ ဝန်ထမ်းများ၏ နေအိမ်များတွင် ဆောင်ရွက်ပေးရမည့် လျှပ်စစ်မီး နှင့် ရေရရှိရေး၊ ကျောင်းပတ်ဝန်း ကျင် သန့်ရှင်းသာယာရေးကို အမြန်ဆုံး ဆောင်ရွက်ရန်နှင့် ပြည်နယ်အတွင်းရှိ အဆင့်မြင့် ပညာသင်ကြားရမည့် ကျောင်း သား ကျောင်းသူများနှင့် ဆရာ ဆရာမများ အေးချမ်းပျော်ရွှင်စွာ ကျောင်းများ ပြန်လည်တက် ရောက်သင်ကြားနိုင်ရေး တာဝန် ရှိသူများအားလုံးက အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကိုဇင် (လွိုင်ကော်)**





အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၇ ရက်က ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရဒေသစာရီ စံကျောင်းတော်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

စိုင်းအယ်ဘဲ

## ဖျာပုံမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော

**ဖျာပုံ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ မြို့နယ် အထက (ကနိ)ကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြား ရေးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်း များသည် ၂၀၂၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း အသိပညာပေးဟောပြော ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပ သည်။

ဟောပြောပွဲတွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးသန့်ဇင်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ကြောင်း ပြော ကြားပြီး အထက(ကနိ)ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြမိုးက ကျေးဇူးတင်စကား ပြောကြား သည်။ ထို့နောက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းအသိပညာပေး လက်ကမ်း စာစောင်များကို လိုက်လံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**



❑ *ကျော့ဖုံးမှ*

အဆိုပါပြိုင်ပွဲတွင် ထိုင်း အသင်းက ရွှေတံဆိပ်၊ ဗီယက်နမ် အသင်းက ငွေတံဆိပ်၊ မြန်မာ အသင်းနှင့် ကိုရီးယားအသင်း တို့က ပူးတွဲတတိယကြေးတံဆိပ် ရရှိခဲ့သည်။

ထိုင်းဘုရင့် ဖလားပိုက်ကျော် ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော် ခြင်းအသင်းမှ နည်းပြအုပ်ချုပ်သူ ၆ ဦး၊ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၁ ဦးတို့သည် အမျိုးသားပြိုင်ပွဲ များအဖြစ် (Team, Quadrant, Mixregu, Mixquadrant) နှင့် အမျိုးသမီး ပြိုင်ပွဲများအဖြစ် (Team, Quadrant,Hoop)စသည့် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးတို့ တွင် ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိပြီး စက်တင်ဘာ ၇ ရက် ညနေ ပိုင်းပွဲစဉ်များအပြီးတွင် မြန်မာ အသင်းအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေး တံဆိပ်နှစ်ခု စုစုပေါင်း ဆု တံဆိပ်လေးခု ဆွတ်ခူးရရှိထားပြီ ဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ် ပြီး အာရှဒေသတွင်းနိုင်ငံများအပြင် အခြားနိုင်ငံများလည်း ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး

**ပွင့်ဖြူ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူ မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် စာရင်းကောက်ယူခြင်း ခန့်အပ် လွှာ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက်က ကျင်းပ သည်။



ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်က အမှာစကား ပြောကြားပြီး ၂၀၂၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်း ကောက်ယူရေးအတွက် စာရင်းစစ်၊ စာရင်းကောက် ခန့်အပ် လွှာများကို ပေးအပ်ရာ ပွင့်ဖြူ မြို့နယ်ပညာရေးမှူး (တာဝန်ခံ) ဦးဇော်ဝင်းခိုင်က လက်ခံရယူခဲ့ သည်။

ထို့နောက် ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်သူရက လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကို ၂၀၂၄ ခုနှစ် အောက်တို ဘာလ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်း ကောက်ယူ မည်ဖြစ်ကြောင်း၊ သန်းခေါင် စာရင်း ကောက်ယူခြင်းဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံ ခန့်ခွဲရေး လုပ်ငန်းများအတွက် ခိုင်လုံသော အခြေခံစာရင်းအင်း ကိန်းဂဏန်းများကို ရရှိမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြား ရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ သည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ဒုတိယဝန်ကြီး ဦးအေးထွန်း ရှမ်းပြည်နယ် (တောင်ပိုင်း) သာသနာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်နှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတို့ကို သွားရောက်ပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အောင်ပန်းမြို့ရှိ အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်တည်ထားလျက်ရှိသည့် ဉာဏ်တော် ၁၀၈ တောင်ရှိ သီရိမင်္ဂလာအောင်ချမ်းသာ စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး နာယကဆရာတော်အား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် (တောင်ပိုင်း) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသူရိယ၏ ရွှေတောင်တန်းဘုန်းတော်ကြီးသင် ပညာရေး မူလတန်းလွန်ကျောင်းနှင့် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်ကာ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဩဝါဒကိုခံယူပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့ရှိ နောင်တောင်းတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒသီရိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ သက်မွေးပညာဌာန၌ ကျောင်းသူများ၏ စက်ချုပ်ပညာသင်ယူနေမှု၊ မုန့်လုပ်ပညာသင်ယူနေမှုများနှင့် ကျောင်းသားကျောင်းသူများ၏ အတန်းစာပေသင်ယူနေမှုများကိုလည်းကောင်း၊ နောင်တောင်းသီလရှင်သင်ပညာရေး မူလတန်းကျောင်း၌ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပြည့်စုံစွာရရှိမှုအခြေအနေ၊ ကျောင်းသားဦးရေနှင့် ဆရာဦးရေ အချိုးမျှတစွာဖြင့် ပညာသင်ကြားပေးနိုင်ရေးတို့ကို ဆွေးနွေးလျှောက်ထားကာ ကျောင်းစာကြည့်တိုက်နှင့် သီလရှင်ဆရာလေးများ၏ အတန်းစာပေသင်ယူနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဟိုပုံးမြို့နယ်သာသနာရေးမှူးရုံးဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်



သာသနာရေးမှူးရုံးသို့သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများကို ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် သိမ်တောင်ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ရှိ ဓမ္မဝိဒူဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တဆန္ဒရာဇာဘိဝံသကို လည်းကောင်း၊ အေးသာယာမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓနိတနှင့် သင်ကြားစီမံ ဆရာတော်များကိုလည်းကောင်း ဖူးမြော်ကြည်ညိုကာ သင်တန်းသားရရှိမှုအခြေအနေများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးပို့လှူဒါန်းသည့် ထာဝရဆွမ်းပဒေသာပင်နှင့် အာစရိယအလှူတော်ငွေ ရရှိမှုအခြေအနေများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရေကန်များတူးဖော်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ အတွင်းရှိ ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ရေးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့်လည်း ရေကန်နှစ်ကန် ပါဝင်လှူဒါန်းတူးဖော်ပေးလျက်ရှိရာ ဒုတိယဝန်ကြီးဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တူရွင်းတိုင်ကျေးရွာအနီးရှိ ကန်အမှတ် - ၁၅၉ ပအိန်းကန် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းသုတေသနဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ တူးဖော်ရန်နှင့် မိုးမကုန်မီ ရေစုဆောင်းနိုင်ရေးအတွက် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကုန်းတန်းကြီးကျေးရွာအဝင်လမ်း အရှည်လေးဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးမည့် လမ်းအရှည် တစ်မိုင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအတွက် အောက်ခံမြေပြုပြင်နေမှုနှင့် ရေကျော် တည်ဆောက်မည့်နေရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ကုန်းတန်းကြီးကျေးရွာ၌ ကုန်းတန်းကြီးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ သန့်စင်ကြယ် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၊ ဖျောက်ဆိပ်ကင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းတို့မှ အသင်းသား အသင်းသူများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး အသင်းသား တောင်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ရှေးဟောင်းရေကန်များနှင့် အထင်ကရနေရာများသို့ သွားလာမှု လွယ်ကူ ချောမွေ့စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပြုပြင်ဖောက်လုပ်ပေးလျက်ရှိသည့် လမ်းကိုးလမ်းတွင် ပါဝင်သော အရှေ့ဖွားစောကျေးရွာမှ ဇယဝေရီကန်သို့သွားသည့် လမ်းဂျင်းကျောက်ခင်းထားမှု၊ ပေ ၅၂၄၀ ၌ မြေသားထုနှစ်ပေတင်၍ သိပ်သည်းမှု (Compaction) ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ ပေ ၁၅၀ ကွန်ကရစ်ရေကျော် စတင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဇယဝေရီကန်တွင် မိုးရေစုဆောင်းရရှိမှုနှင့် ကန်ပတ်ဝန်းကျင် သစ်ပင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ သူငွေးကန်ကျေးရွာ၌ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားနေသည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသူများအတွက် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်ကာ ၎င်းတို့ချုပ်လုပ်ထားသော သင်တန်းဆင်း လက်ရာများကိုလည်းကောင်း၊ မင်းနန်သူကျေးရွာအဝင်လမ်းတွင် အရှည်ပေ ၂၀ ကွန်ကရစ်ရေကျော် တည်ဆောက်နေမှုနှင့် ကတ္တရာခင်းရန်အတွက် ပစ္စည်းစုဆောင်းနေမှုတို့ကို လည်းကောင်း၊ မင်းနန်သူကျေးရွာတွင်းလမ်းများ ဂျင်းကျောက်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက တူးဖော်ပေးခဲ့သော မြေနဲလေးကျေးရွာအနီးရှိ ကန်အမှတ်-၁၆၁ တူးဖော်ပြီးစီးမှုနှင့် ရေစတင်ဝင်ရောက်မှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်နှင့် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အစီအစဉ်အရ ချိတ်ဆက်ထားသော ခေတ်မီစံပြ ကျေးရွာသုံးရွာအနက် ခရီးသွားကဏ္ဍဖြင့် ချိတ်ဆက်ထားသည့် မြင်းကပါစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ဂျင်းကျောက်ခင်းနေမှု၊ ရေနုတ်မြောင်းများ အုတ်ရိုးစီနေမှုနှင့် Slab Culvert ဆယ်စင်း တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လောကနန္ဒာစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညို၍ မဇ္ဈူသကနတ်ပန်းမှ ရေချိုးဆပ်ပြာ၊ လက်ဖက်ခြောက်၊ ယို၊ အလှဆီ၊ ခေါင်းလျှော်ရည်စသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေသော ဒေသခံဈေးသည်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်း၏ ယွန်းထည်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အီတလီအသင်းဘက်သို့ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ပြင်သစ်အသင်းသည် အမ်ဘာပေ၊ ဂရစ်ဇ်မန်း၊ အိုလစ်တို့ ဦးဆောင်ကာ နာမည်ကျော်ကစားသမားများဖြင့် အီတလီအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပြင်သစ်အသင်းသည် အီတလီအသင်းဘက်သို့ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးတစ်ကြိမ်သာ ဖန်တီးထားနိုင်ခဲ့သည်။ ပြိုင်ဘက်အီတလီအသင်းက ပြင်သစ်အသင်းဘက်သို့ ဂိုးရရှိရန်နီးစပ်သည့် အခွင့်အရေးငါးကြိမ်ထက်မနည်း ဖန်တီးထားနိုင်ခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးကို ဘာကိုလာက သွင်းယူပေးပြီး အီတလီအသင်းအတွက် သွင်းဂိုးများကို ဒီမာကို၊ ဖရာတက်စီနှင့် ရက်စပါဒိုရီတို့က သွင်းယူပေးနိုင်ခဲ့သည်။ ပြင်သစ်နှင့် အီတလီအသင်းတို့သည် နေးရှင်းလိဂ် (က) အုပ်စု (၂) တွင် ဘယ်လ်ဂျီယံ၊ အစ္စရေးအသင်းတို့နှင့် အတူတစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

စက်တင်ဘာ ၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဘယ်လ်ဂျီယံနှင့်အစ္စရေးအသင်းတို့ တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့ပြီး ဘယ်လ်ဂျီယံအသင်းက သုံးဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ နေးရှင်းလိဂ်ပွဲစဉ် (၂) အဖြစ် စက်တင်ဘာ ၁၀ ရက်တွင် ပြင်သစ်အသင်းက ဘယ်လ်ဂျီယံနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အီတလီက အစ္စရေးနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့

မေတ္တာမိုးနှင်း(ပဲခူး)

လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင်လည်းကောင်း၊ အသက်ရှင်နေထိုင်ရေးအတွက် ဝမ်းစာရေးရှာဖွေရာတွင် လည်းကောင်း၊ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးတရားများ ရှာဖွေအားထုတ်ရာတွင် လည်းကောင်း စာပေတတ်မြောက်မှုသည် အလွန်ပင်အရေးကြီးသည်။

စာပေတတ်မြောက်မှုအားနည်းခဲ့လျှင် အရာရာတိုင်း၌ မိမိမျှော်မှန်းသလောက်ခရီးမပေါက်ဘဲ ဖြစ်နေပေလိမ့်မည်။ စာပေတတ်မြောက်မှု လုံးဝမရှိပါက ထိုသူသည် ဆောင်ရွက်ရမည့်အရာရာတိုင်း၌ စမ်းတဝါးဝါးနှင့် ဗျာများနေပေလိမ့်မည်။ မည်သည့်အရာကိုမျှ ပန်းတိုင်ရောက်အောင် ကြိုးစားနိုင်မှုမရှိဘဲ တိုးတက်မှုကျန်ရစ်နေမည်သာ ဖြစ်ပေလိမ့်မည်။

စာပေတတ်မြောက်မှု အားနည်းသူများသည် ပေါင်းသင်းဆက်ဆံရေး၌လည်း အဆင်မပြေဖြစ်နေတတ်ပေသည်။ စာတစ်လုံးကို မဆိုထားနှင့် စကားတစ်ခွန်းကိုပင် သေချာစွာ ဆန်းစစ်နိုင်မှုနည်းပါးပြီး အလွဲလွဲအမှားမှားနှင့် အယူအဆမှား၊ အတွေးမှားများနှင့်သာ လူ့လောကအလယ်တွင် စီးမျောနေပေလိမ့်မည်။ လွဲမှားမှုများလာသည်နှင့်အမျှ လူ့ပတ်ဝန်းကျင်နှင့် အဆင်မသင့်မှုများ ဖြစ်ပေါ်လာပြီး အခက်အခဲများဖြင့် ရင်ဆိုင်နေရပေလိမ့်မည်။ တစ်ဦးတစ်ယောက်တည်း ခွဲထွက်နေထိုင်၍မရသော လူ့ဘောင်လောကတွင် လူအများ၏ ရှောင်ဖယ်ခြင်း သို့မဟုတ် မိမိဘာသာ ခွဲထွက်နေထိုင်ခြင်းများ ပြုမူတတ်လာပြီး စိတ်ခံစားချက်များသည် အထီးကျန်လာပေမည်။ ထိုမှတစ်ဆင့် တခြားတစ်ပါးသောသူများကိုလည်း ရန်သူကဲ့သို့သာ မြင်နေပေလိမ့်မည်။ ငြိမ်းချမ်းမှုဟူသည်မှာလည်း ပျောက်ကွယ်နေပေလိမ့်မည်။ ထို့ကြောင့် လူသားတိုင်းအတွက် စာတတ်မြောက်မှုသည် အဓိကအရေးကြီးသည်ဟု ဆိုချင်သည်။

ကမ္ဘာပေါ်တွင် တစ်နေ့ထက်တစ်နေ့ နည်းပညာများ ပိုမိုထွန်းကားလျက်ရှိသည်။ တိုးတက်ပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပေါ်နေပေသည်။ ထိုသို့ခေတ်မီတိုးတက်လာသော နိုင်ငံများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းကို လေ့လာတွေ့ရှိနိုင်ပေသည်။ စာပေတတ်မြောက်သော နိုင်ငံသား အများဆုံးရှိသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပေသည်။ သိပ္ပံပညာရပ်များသည် တစ်နေ့ထက်တစ်နေ့ တိုးတက်မှုများပြားလာသောကြောင့် လူသားတိုင်း စာတတ်မြောက်ရေးသည် အဓိက သော့ချက်ဖြစ်လာပေသည်။ ထို့ကြောင့်ပင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကမ္ဘာတစ်ဝန်းလုံး ကျင်းပနေကြခြင်းပင်ဖြစ်သည်။

နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းမှုသည် အီရန်နိုင်ငံ တီဟီရန်မြို့တွင် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှစ၍ ၁၂ ရက်ကြာ ကျင်းပခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေးညီလာခံကြီးမှ စတင်ခဲ့ပါသည်။ ထိုကမ္ဘာ့ညီလာခံကြီး ကျင်းပသည့်နေ့ကိုဂုဏ်ပြု၍ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို **“နိုင်ငံတကာစာတတ်မြောက်ရေးနေ့”** ဟု ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သော ယူနက်စကို အထွေထွေညီလာခံကြီးမှ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ ယူနက်စကိုအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကလည်း နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသည်။ သူတစ်ပါးကိုလည်းမထိပါး၊ မိမိနိုင်ငံအားထိပါးလျှင်လည်း လက်မခံသောဝါဒကို လက်ကိုင်ထား ကျင့်သုံးသောကြောင့် အသိဉာဏ်ပညာများ ထွန်းလင်းစေရန် စာတတ်မြောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် “စာမတတ်လျှင်အကန်း” ဟူသည့် အဆိုတစ်ရပ်ကိုလက်ခံကျင့်သုံးပြီး စာပေတတ်မြောက်မှုကို ကြိုးပမ်းခဲ့သည်။ ၁၉၄၇ ခုနှစ် ယူနက်စကို၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ စာတတ်မြောက်မှုနှင့်ပတ်သက်၍ အစောဆုံးမှတ်တမ်းမှာ ၁၅၈၀ ပြည့်နှစ်တွင် ပဲခူးသို့ လာရောက်သည့် ခရီးသွားတစ်ဦးက ရေးသားထားသည့် မှတ်တမ်းတွင်တွေ့ရှိရကြောင်း၊ ထိုမှတ်တမ်း၌ မြန်မာ့လူ့အဖွဲ့အစည်းတွင် မြန်မာတို့သည် ယောကျ်ားလေးများအား မြန်မာဘုန်းတော်ကြီး ကျောင်းများသို့ စာသင်ကြားရန်စေလွှတ်လျက်ရှိသည့် အလေ့အကျင့်ကောင်းတစ်ရပ်ရှိကြောင်း၊ ထိုဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ယနေ့တိုင်သင်ကြားပေးလျက်ရှိသဖြင့် မြန်မာ့ပညာရေးသည် ဘုန်းတော်ကြီးကျောင်းပညာရေးတွင် အခြေခံပြီး ဖွံ့ဖြိုးလာခြင်းဖြစ်ကြောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၏ကျေးဇူးကြောင့် မြန်မာတို့ စာတတ်မြောက်မှုနှုန်း သိသိသာသာမြင့်မားနေကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပေသည်။




စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးအစဦးကာလ မြန်မာနိုင်ငံအစိုးရ၏ “ရှစ်နှစ်တာပညာရေးအစီရင်ခံစာ (၁၉၄၇-၄၈ မှ ၁၉၅၄-၅၅ ခုနှစ်ထိ)” တွင် မြန်မာနိုင်ငံသုတေသနအသင်းကို ဦးစီးတည်ထောင်ခဲ့သည့် မစ္စတာ ဖာနီဘယ် (Mr. J.S. Furnivall) သည် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှင့်ပတ်သက်၍ ၁၉၃၁ ခုနှစ်တွင် အစီရင်ခံခဲ့သည်မှာ မြန်မာတိုင်းလိုလို စာရေး၊ စာဖတ်တတ်မြောက်ကြပါသည်။ သေချာသည့်အချက်တစ်ချက်မှာ မြန်မာတို့၏ စာရေး၊ စာဖတ်တတ်မြောက်မှုနှုန်းသည် အင်္ဂလန်နိုင်ငံသားတို့ထက် များစွာသာလွန်နေသည့်အချက်ပင်ဖြစ်ပါသည် ဟူ၍ပင်ဖြစ်သည်။ မြန်မာတို့၏ ကုန်းဘောင်ခေတ် စာတတ်မြောက်မှုနှုန်းမြင့်မားမှုသမိုင်းကို ပြဆိုနေခြင်းဖြစ်သည်။ မြန်မာတို့၏စာတတ်မြောက်မှုနှုန်းမှာ သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့် ၁၈၂၄ ခုနှစ်မှစ၍ ပြန်လည်ကျဆင်းခဲ့ရပြန်သည်။ မြန်မာလူမျိုးတို့သည် ဉာဏ်ပညာကြီးမားသူများ ဖြစ်ကြသည်။ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည့်တိုင် အသိပညာ၊ အတတ်ပညာများကို အသုံးချလျက် ရရာလက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ မြန်မာတို့၏ တောတောင်ရေမြေသဘာဝများ၊ မြေပေါ်မြေအောက်သယံဇာတများကို မတရားရယူလိုသော တိုင်းတစ်ပါးသားတို့က မြန်မာလူမျိုးတို့ ပညာတတ်မြောက်မည်ကို မလိုလားကြပေ။ သူ့ကျွန်ဘဝဖြင့်သာ ဆက်လက်ထိန်းချုပ်ထားလိုသောကြောင့် ပညာရေးကဏ္ဍတွင် ကန့်သတ်မှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်ခဲ့ကြပြန်သည်။ သို့သော်လည်း ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်းစဉ်များကြောင့် တိုင်းတစ်ပါးသားတို့ မျှော်မှန်းသကဲ့သို့ မဖိနှိပ်နိုင်တော့ဘဲ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခဲ့ရသည်အထိ မြန်မာလူမျိုးတို့၏ အသိပညာများ ပွင့်လန်းခဲ့သည်။

သမိုင်းစာမျက်နှာများကို ပြန်လည်သုံးသပ်သည့်အခါ စာတတ်မြောက်မှုသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးတို့အတွက် အရေးပါဆုံးသော ကဏ္ဍတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ သမိုင်းအမွေဆိုးကြောင့် စာတတ်မြောက်မှုနှုန်း ကျဆင်းခဲ့ရသည်ကိုလည်း တွေ့မြင်ကြရပေမည်။ စာတတ်မြောက်မှု နည်းပါးသည်နှင့်အမျှ ဉာဏ်ပညာနည်းပါးပြီး တွေးခေါ်မှုလည်းမှန်ကန်မှု နည်းပါးပေမည်။ အတွေးမှား အမြင်မှားတို့ကြောင့် သူတစ်ပါးတို့၏ သွေးထိုးစကားများကို ယုံမှားလွယ်ကြသည်။ ပြည်ပအားကိုးပုဆိန်ရိုးများ၏ စကားများကို ယုံကြည်မှုလွဲမှားလျက် သူတစ်ပါးစကားဖြင့် လမ်းဆုံးကြရသည့်ဘဝသို့ရောက်ကြရသည်။ ထို့ကြောင့် သူ့ကျွန်ဘဝတွင် နှစ်ကြာရှည်စွာ ခံစားခဲ့ကြရသည်။ အကျိုးရလဒ်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာခြင်း၊ စီးပွားရေးကျပ်တည်းခြင်း၊ အနာရောဂါခံစားရခြင်း စသော နောက်ဆက်တွဲ အမွေဆိုးများကိုလည်း ကြုံတွေ့ကြရပေသည်။

ယနေ့ခေတ်သည် ခေတ်မီဖွံ့ဖြိုးမှု လျင်မြန်သော ခေတ်ဖြစ်ပြီး နည်းပညာများသည်လည်း အချိန်နှင့်တစ်ပြေးညီ ထွန်းကားနေပြီဖြစ်သည်။ စာတတ်မြောက်မှုမရှိပါဘဲ နည်းပညာနောက်သို့ လိုက်ပါစီးမျောနိုင်မည်မဟုတ်ပေ။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ နည်းပညာ၏ဆန်းပြားမှုတို့သည် အဆမတန် များပြားလာသည်။ နည်းပညာကို တစ်စွန်းတစ်မျှပင်မချဉ်းကပ်နိုင်ပါက သူတစ်ပါး၏ စကားကိုသာ ယုံမှားသံသယဖြစ်နေရမည်သာဖြစ်သည်။ နည်းပညာကို ချဉ်းကပ်နိုင်သော စာပေတတ်မြောက်မှုမရှိခဲ့လျှင် ခေတ်နောက်ကျသည်ထက် ခေတ်၏ဝဲဂယက်ထဲတွင် ချာချာလည်ပြီး ဘဝ၏နစ်နာဆုံးရှုံးမှုများကို *စာမျက်နှာ ၁၁ သို့*

“ငြိမ်းချမ်းရေးဟူသည် လူသားတိုင်း လိုလားတောင့်တသော အဖိုးတန်သည့် အရာတစ်ခုပင်ဖြစ်သည်။ ငြိမ်းချမ်းသော လူ့ဘောင်တစ်ခုအဖြစ်ရပ်တည်နိုင်ရန် လူသားတို့အကြား အပြန်အလှန် နားလည်မှုရှိကြရပေမည်။ တစ်ဦး၏ စိတ်ဆန္ဒကို တစ်ဦးက အတတ်နိုင်ဆုံးနားလည်နိုင်ရန် လေ့လာရမည်ဖြစ်သည်။ ထိုသို့နားလည်နိုင်ရန် ဘာသာစကားစုံ ပညာရေးသည်လည်း လိုအပ်သောအခန်းကဏ္ဍတစ်ခုပင်ဖြစ်သည်။ အသိဉာဏ်ပညာဖွံ့ဖြိုးရန် စာတတ်မြောက်အောင် သင်ကြားကြရမည်ဖြစ်ပြီး လူသားအချင်းအချင်း အပြန်အလှန်နားလည်မှုရရှိစေရန် ဘာသာစကားစုံပညာရေးကဏ္ဍကို မြှင့်တင်ပေးကြရပေမည်။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်နိုင်မှသာ အဆိုးအကောင်းကို ခွဲခြားသိမြင်ပြီး ဝေဖန်ပိုင်းခြားနိုင်ပေလိမ့်မည်။ သို့မှသာ “သံသယပျောက်၍ အမှန်ဘဝရောက်ကြရမည်” ဖြစ်ပြီး ငြိမ်းချမ်းသော လူ့ဘောင်သစ်တစ်ခုကို ပြန်လည်ဖော်ဆောင်နိုင်မည် ဖြစ်ပေသည်။ သို့မှသာ ပညာရေးကိုအခြေခံသော နားလည်မှုဖြင့် လူ့ဘောင်လောကငြိမ်းချမ်းမှုကို ရရှိနိုင်မည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ စုပေါင်းညီညာစွာချီတက်နိုင်ရန် ပြည်သူအားလုံး စာတတ်မြောက်ရေး ဆောင်ရွက်ချက်များကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါစို့”

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကန်ကြီးထောင့်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်သည့်လယ်မြေများ ပြန်လည်စိုက်ပျိုးနေမှုအခြေအနေအား လာရောက်ကြည့်ရှု

**ကန်ကြီးထောင့် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီက ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာသို့ ရောက်ရှိပြီး မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေမြင့်တက်မှုတို့ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများ ပြန်လည်စိုက်ပျိုးနေမှုအခြေအနေအား ကြည့်ရှုခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများသည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေမြင့်တက်မှုတို့ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ကွင်းယားကြီးကျေးရွာရှိ ကွင်းအမှတ် ၁၈၆၄၊ ဦးပိုင် အမှတ် ၁၀/က၊ တောင်သူ ဦးချစ်ထွေး၏ ထိခိုက်လယ် ကိုးဧကအနက် ရှစ်ဧကတွင် ရက် ၉၀ စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် ပြန်လည်စိုက်ပျိုးနေမှုအခြေအနေအား လာရောက်ကြည့်ရှုခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။

ထိုသို့ကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးတို့က လိုက်လံရှင်းလင်းပြသရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ပြီး အဆိုပါလယ်ယာမြေများအတွင်း စပါးစိုက်ပျိုးကြသည့် တောင်သူများအား မုန့်နှင့်အချိုရည်များ ပေးအပ်(ယာပုံ)ခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**



# ဟိုပုံးမြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**ဟိုပုံး စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း "လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးစီမံကိန်း" မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ (မွမ်းမံ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ထူးက အမှာစကား ပြောကြားသည်။ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း (အခြေခံ) ပညာသင်တန်းကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် ယခုအခါ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ(မွမ်းမံ)သင်တန်းကို စက်တင်ဘာ ၇ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ (ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ

**ပျဉ်းမနား စက်တင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်သန့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) က သင်တန်းစည်းမျဉ်း စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်သန့်နှင့် တာဝန်ရှိသူများက ကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာများဟောပြော

**နတ်မောက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာသိကောင်းစရာများ ဟောပြောခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်သက်ဆုနှင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေများနှင့် ကျောင်းသား ကျောင်းသူများသည် နောင်လာမည့်ရွေးကောက်ပွဲတွင် ပထမအကြိမ် ဆန္ဒမဲပေးကြမည့် လူငယ်မဲဆန္ဒရှင်အုပ်စုတွင် အကျုံးဝင်နေသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များတွင် ပါဝင်သော ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဗဟုသုတများ ရရှိစေရန် အသိပညာပေးဆွေးနွေး ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ရင်ဆိုင်ရမည်သာ ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် ပထမအချက်အနေဖြင့် **"တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** ဟူ၍ ချမှတ်ထားသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များ ပေါ်ကြွယ်ဝရန်လိုအပ်သည်။ ထို့ကြောင့် လူသားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် အခြေခံပညာအထက်တန်းကျောင်းများ၌ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များအပြင် စိုက်ပျိုး၊ မွေးမြူရေး၊ စက်မှုပညာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိပေသည်။ အခြေခံပညာ၊ ဒီပလိုမာသင်တန်းများမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များသို့ အဆင့်ဆင့်တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပြီး ဘက်စုံပညာရေးစနစ်ကို ဦးတည်ဆောင်ရွက်လျက်ရှိပေသည်။

ထို့ပြင် အသိပညာများတိုးပွားလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများ၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံး အသိပညာဗဟုသုတ တိုးပွားရေးတို့ကိုရှေးရှုလျက် စာအုပ်စာပေလှူဒါန်းပေးအပ်ပွဲများကို နိုင်ငံတစ်ဝန်းလုံး၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ပညာတတ်သူနည်းပါးပြီး ပညာရေးကဏ္ဍနိမ့်ကျခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဆိုပါက နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံရန်လိုအပ်သည်။ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များကို အခြေခံသည့် အနာဂတ်ကို ဖန်တီးပေးရန်နှင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဘာသာစကားစုံပညာရေးကိုလည်း မြှင့်တင်ကြရပေမည်။ မြန်မာနိုင်ငံတွင် ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်ကြခြင်းကြောင့် ဘာသာစကားသည်လည်း အရေးပါသော လူမှုရေးကဏ္ဍတစ်ခုပင်ဖြစ်ပေသည်။ ဘာသာစကားဆိုသည်မှာ လူသားတို့၏ ပတ်ဝန်းကျင်၌ နေ့စဉ်မရှိမဖြစ် သုံးစွဲကြသည့် နည်းပညာတစ်ခုဟုပင် ပြောရပေမည်။ မိမိတို့အကြောင်း၊ မိမိစိတ်ထဲမှအတွေး၊ အပြန်အလှန်ဆက်သွယ်နားလည်ရေး၊ မိမိပတ်ဝန်းကျင်ကမ္ဘာလောက၌ နေ့စဉ်သွားလာလှုပ်ရှားရန်အဆင်ပြေလွယ်ကူရေး စသည်တို့အတွက် နေ့စဉ်သုံးစွဲနေသည့် နည်းပညာ၊ ကိရိယာတစ်ခုဟုလည်း ယူဆနိုင်ပေသည်။

စာတတ်မြောက်ရုံသာမက ဘာသာစကားများကို ထမင်းစားရေသောက်လောက် နားလည်အောင်လည်း လေ့လာထားသင့်သည်။ အချင်းချင်းပေါင်းသင်းဆက်ဆံရာ၌ အနည်းငယ်မျှသော နားလည်မှုမှသည် ငြိမ်းချမ်းသော လူ့ဘောင်ဖြစ်ရန်အတွက် ဘာသာစကားကို အတတ်နိုင်ဆုံးလေ့လာနိုင်အောင် ပညာရေးကဏ္ဍ၌ မြှင့်တင်ပေးရန် လိုအပ်ပေသည်။ ဘာသာစကားကို စာပေနှင့်သာမက အမူအရာဖြင့်ပါ အလွယ်တကူ နားလည်သဘောပေါက်နိုင်ရန် လေ့လာမှုပြုနိုင်ပါက ပိုမို၍ ထိရောက်ပေလိမ့်မည်။ ဘာသာစကားတိုင်းသည် ပြောတတ်နေရုံမျှဖြင့် မလုံလောက်ပေ။ တချို့သော စကားသံမတူညီသည့်နေရာများ၌ အမူအရာနှင့် ဆက်သွယ်၍ နားလည်အောင် ပြုလုပ်ကြရမည် ဖြစ်သည်။

ငြိမ်းချမ်းရေးဟူသည် လူသားတိုင်း လိုလားတောင့်တသော အဖိုးတန်သည့် အရာတစ်ခုပင် ဖြစ်သည်။ ငြိမ်းချမ်းသော လူ့ဘောင်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် လူသားတို့အကြား အပြန်အလှန် နားလည်မှုရှိကြရပေမည်။ တစ်ဦး၏ စိတ်ဆန္ဒကို တစ်ဦးက အတတ်နိုင်ဆုံးနားလည်နိုင်ရန် လေ့လာရမည်ဖြစ်သည်။ ထိုသို့နားလည်နိုင်ရန် ဘာသာစကားစုံ ပညာရေးသည်လည်း လိုအပ်သောအခန်းကဏ္ဍတစ်ခုပင်ဖြစ်သည်။ အသိဉာဏ်ပညာ ဖွံ့ဖြိုးရန် စာတတ်မြောက်အောင် သင်ကြားကြရမည်ဖြစ်ပြီး လူသားအချင်းအချင်း အပြန်အလှန် နားလည်မှုရရှိစေရန် ဘာသာစကားစုံပညာရေးကဏ္ဍကို မြှင့်တင်ပေးကြရပေမည်။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်နိုင်မှသာ အဆိုးအကောင်းကို ခွဲခြားသိမြင်ပြီး ဝေဖန်ပိုင်းခြားနိုင်ပေလိမ့်မည်။ သို့မှသာ "သံသယပျောက်၍ အမှန်ဘဝရောက်ကြရမည်"ဖြစ်ပြီး ငြိမ်းချမ်းသော လူ့ဘောင်သစ်တစ်ခုကို ပြန်လည်ဖော်ဆောင်နိုင်မည် ဖြစ်ပေသည်။ သို့မှသာ ပညာရေးကိုအခြေခံသော နားလည်မှုဖြင့် လူ့ဘောင်လောကငြိမ်းချမ်းမှုကို ရရှိနိုင်မည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ စုပေါင်းညီညာစွာချီတက်နိုင်ရန် ပြည်သူအားလုံး စာတတ်မြောက်ရေး ဆောင်ရွက်ချက်များကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

**ကျမ်းကိုး-**

**- ဦးဘသင် (၁၉၅၈) ယူနက်စကိုမစ်ရှင်အဖွဲ့၏ ၁၉၅၁ ခုနှစ် အစီရင်ခံစာ၊ အစိုးရပုံနှိပ်တိုက်။**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

စစ်တွေ စက်တင်ဘာ ၇

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာ စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်း၌ ဌာနဆိုင်ရာဝန်ထမ်းများက စွန့်ပစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော် လိုဏ်ဂူအတွင်းနှင့် ရင်ပြင်တော်တို့၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများက ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းနှင့် စေတီတော်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



စေတီတော်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

# ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေထူထပ်ပြီး မော်တော်ယာဉ်စီးရေ များပြားသော်လည်း နှစ်ချုပ်အစီရင်ခံစာအရ ယာဉ်တိုက်မှု အဆင့်(၅)နေရာနှင့် လူသေဆုံးမှု အဆင့် (၇)နေရာတွင်ရှိ

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီနှင့် ဆပ်ကော်မတီလေးခုတို့၏ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးသည် လူဦးရေထူထပ်ပြီး မော်တော်ယာဉ်စီးရေ များပြားသည့်အတွက် ယာဉ်မတော်တဆဖြစ်ပွားမှုသည် အခြားတိုင်းဒေသကြီး/ပြည်နယ်များထက် ပိုမိုများပြားသော်လည်း နှစ်ချုပ်စီရင်ခံစာအရ ယာဉ်တိုက်ခိုက်မှု အဆင့်(၅)နေရာနှင့် လူသေဆုံးမှု အဆင့်(၇)နေရာတွင်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် မေလမှ ဩဂုတ်လအထိ ယာဉ်တိုက်ခိုက်မှုစာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၂၅၉ မှု၊ ဒဏ်ရာရသူ ၃၀၁ ဦးနှင့် သေဆုံးသူ ၁၃၈ ဦးရှိသဖြင့် ယာဉ်တိုက်ခိုက်မှုများ လျော့ကျစေရေး ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးစားဆောင်ရွက်ပေးရန် ပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီနှင့် ဆပ်ကော်မတီ လေးခုတို့၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းထွဋ်က ပြီးခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဖတ်ကြားတင်ပြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီတို့မှ တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် ဆပ်ကော်မတီဥက္ကဋ္ဌများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျင်းပပြီးစီးခဲ့သည့် တတိယအကြိမ် NRSC အစည်းအဝေးတွင် NRSC ဥက္ကဋ္ဌ မှာကြားခဲ့သော ၂၀၂၂ – ၂၀၃၀ လုပ်ငန်းစီမံချက် (Action Plan)၏ ရည်မှန်းချက်ဖြစ်သည့် "၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှုအခြေခံနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာစေရေး" ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ တာဝန်ရှိသူအားလုံး အလေးအနက်ထား ဆက်လက်ဆောင်ရွက်သွားရန်နှင့် YRSC ကော်မတီဝင်များအနေဖြင့် Quick Win အစီအမံ (၅)ရပ်နှင့် Action Plan ပါ ရေတို၊ ရေရှည် လုပ်ငန်းစီမံချက်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်း ၅၉၁ ခုကို ကွင်းဆင်းစာရင်းကောက်ယူမည်

**ထားဝယ် စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၆ ရက်က ထားဝယ်မြို့ ဗဟိုစာရင်းအင်းဦးစီးဌာနရုံး၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က တိုင်းဒေသကြီးတွင်ရှိသော အစားအစာထုတ်လုပ်ခြင်းနှင့် လက်ကားနှင့် လက်လီရောင်းဝယ်ရေး၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ပြင်ဆင်ခြင်းကဏ္ဍရှိ ကလေးလုပ်သား အခြေအနေကို သိရှိစေရန်နှင့် ကလေးအလုပ်သမား လျော့နည်းပပျောက်စေရေးအတွက် အခြေခံအချက်အလက်များ ကောက်ယူရန်၊ ကလေးအလုပ်သမားများ၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရန်၊ ကလေးသူငယ်ဆိုင်ရာ မူဝါဒများကို ရေးဆွဲရာတွင် လက်ရှိအခြေအနေများကို ဖော်ပြသောညွှန်းကိန်းများ၊ အဆိုပါညွှန်းကိန်းများအပေါ် လေ့လာဆန်းစစ်မှုများနှင့် အထောက်အကူဖြစ်စေမည့် အကြောင်းရင်းများ ရရှိနိုင်ရန်နှင့် ရရှိလာသော ကလေးအလုပ်သမားများ စာရင်းကို စောင့်ကြည့်လေ့လာရန် စသည့် ရည်ရွယ်ချက်ဖြင့် စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း၊ စစ်တမ်းကို မြိတ်မြို့နယ်ရှိ အစားအစာထုတ်လုပ်ခြင်းလုပ်ငန်း ၂၄ ခုနှင့် လက်ကားနှင့် လက်လီရောင်းဝယ်ရေး၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်း ကဏ္ဍများရှိ လုပ်ငန်း ၅၅၇ ခု စုစုပေါင်းနမူနာလုပ်ငန်း ၅၉၁ ခုကို ကွင်းဆင်းကောက်ယူမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ တိုင်းဒေသကြီး တာဝန်ခံ ဒေါ်တင်ချိုကြူကြူခိုင်က ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❏ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ထရမ့်၏ ငွေကြေးအရှုပ်တော်ပုံအမှု စီရင်ချက်ချခြင်းကို ရွေးကောက်ပွဲပြီးသည်အထိ ဆိုင်းငံ့

**နယူးယောက် စက်တင်ဘာ ၇**

နယူးယောက်ရှိ တရားသူကြီးတစ်ဦးက သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ ငွေကြေးအရှုပ်တော်ပုံအမှုကို စီရင်ချက်ချရန် နိုဝင်ဘာလ အမေရိကန် သမ္မတရွေးကောက်ပွဲကျင်းပပြီးသည့်အချိန်အထိ ရွှေ့ဆိုင်းလိုက်သည်။

ထရမ့်သည် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအား ငွေပေးချေမှုကို ဖုံးကွယ်ရန်အတွက် ငွေပေးချေမှုဆိုင်ရာ မှတ်တမ်းများ လိမ်လည်မှုဖြင့် အပြစ်ရှိကြောင်းကို မေလအတွင်းက ဆုံးဖြတ်ခဲ့သည်။ တရားသူကြီးက ယင်းအမှုကို ဇူလိုင်လက စီရင်ချက်ချရန် ကနဦးစီစဉ်ထားသော်လည်း သမ္မတများသည် တရားဝင်လုပ်ရပ်များအတွက် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ရှိကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ပြီးနောက် စက်တင်ဘာလအထိ ရွှေ့ဆိုင်းခဲ့သည်။

ယခုနောက်ဆုံး စီရင်ချက်ချမှတ်မည့်ရက် ရွှေ့ဆိုင်းမှုသည် သမ္မတဟောင်း ထရမ့်ယှဉ်ပြိုင်နေသည့် ရွေးကောက်ပွဲကို ထိခိုက်စေသည့် မည်သည့်လုပ်ဆောင်မှုကိုမဆို ရှောင်ရှားလိုခြင်းဖြစ်ကြောင်း တရားသူကြီးက ပြောကြားသည်။ ယင်းအမှုနှင့်ပတ်သက်၍ စီရင်ချက်ချမည့်ရက်ကို နိုဝင်ဘာ ၂၆ ရက်အဖြစ် တရားရုံးက သတ်မှတ်လိုက်ကြောင်း သိရသည်။


အင်န်အိတ်ချ်ကေ



## ဘိုးအင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသယာဉ် အာကာသယာဉ်မှူးများမပါဘဲ ကမ္ဘာမြေပေါ် ပြန်လည်ဆင်းသက်

**ကယ်လီဖိုးနီးယားစက်တင်ဘာ ၇**

ဘိုးအင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ အာကာသယာဉ်မှူးနှစ်ဦးကို ချန်ထားခဲ့ပြီး ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်လာခဲ့သည်။ စတားလိုင်နာယာဉ်သည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှ စက်တင်ဘာ ၆ ရက်တွင် ထွက်ခွာလာခဲ့သည်။




အဆိုပါ အာကာသယာဉ် ကမ္ဘာ့လေထုထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် ဆင်းသက်မှုအရှိန် နှေးကွေးစေရန် လေထီးအများအပြား တပ်ဆင်ထားခဲ့သည်။ အမေရိကန် အနောက်ပိုင်းပြည်နယ် နယူးမက္ကဆီကိုတွင် အာကာသယာဉ် ပြန်လည် ဆင်းသက်ခဲ့သည်။ အမေရိကန် အာကာသအေဂျင်စီ နာဆာနှင့် ဘိုးအင်းကုမ္ပဏီတို့သည် အဆိုပါအာကာသယာဉ်ကို ပြန်လည်ရယူပြီး အခြေအနေများ စစ်ဆေးရန် စီစဉ်နေသည်။

စတားလိုင်နာ အာကာသယာဉ်သည် အာကာသယာဉ်မှူး နှစ်ဦးနှင့်အတူ ဇွန်လအတွင်းက ထွက်ခွာခဲ့ခြင်းဖြစ်သည်။ တစ်ပတ်အကြာတွင် ၎င်းတို့ကို သယ်ဆောင်ကာ ကမ္ဘာမြေပေါ်သို့ ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားသည်။ သို့သော်လည်း ချွတ်ယွင်းချက်တွေ့ရှိသဖြင့် နိုင်ငံတကာ အာကာသစခန်းတွင် ဆက်လက်နေခဲ့ရသည်။

လွန်ခဲ့သည့် လအတွင်းက လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ကြောင့် အာကာသယာဉ်မှူး နှစ်ဦးကို အာကာသစခန်းတွင် ချန်ထားခဲ့ပြီး စတားလိုင်နာယာဉ် ကမ္ဘာမြေပေါ်ပြန်လည်ဆင်းသက်ရန် နာဆာက ဆုံးဖြတ်ခဲ့သည်။ အာကာသယာဉ်မှူး နှစ်ဦးသည် လာမည့် ဖေဖော်ဝါရီလအတွင်း အခြားသော အာကာသယာဉ်ဖြင့် ပြန်လာမည်ဟု မျှော်လင့်ရသည်။

အင်န်အိတ်ချ်ကေ

## ကာဂျစ္စတန်က တာလီဘန်ကို တားမြစ်အဖွဲ့အစည်းစာရင်းမှ ဖယ်ရှား

**ဘစ်ရှ်ကက် စက်တင်ဘာ ၇**

ကာဂျစ္စတန်သည် တာလီဘန်များကို တားမြစ်ထားသော အဖွဲ့အစည်းစာရင်းမှ ဖယ်ရှားလိုက်ပြီဟု ကာဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ဒေသတွင်း တည်ငြိမ်ရေးနှင့် တွေ့ဆုံဆွေးနွေးမှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး တာလီဘန်တို့၏ လှုပ်ရှားမှုကို ကာဂျစ္စတန် ပိုင်နက်နယ်မြေရှိ တားမြစ်ထားသော အဖွဲ့အစည်းများစာရင်းမှ ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နှင့် ဒေသတွင်းတစ်ခုလုံး တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်ရရှိစေရေး နိုင်ငံတကာအသိုက်အဝန်း၏ ကြိုးပမ်းအားထုတ်မှုများကို ကာဂျစ္စတန်က ပံ့ပိုးကူညီရန် ကတိပြုကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

## ဩဂုတ်လ ရေကြီးမှုကြောင့် ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၂၈၀ ထိခိုက်

**ဒါကာ စက်တင်ဘာ ၇**

ဩဂုတ်လက ရေကြီးမှုကြောင့် ဘင်္ဂလားဒေ့ရှ်အရှေ့ပိုင်းဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ တာကာ ၃၃ ဒသမ ၄၆ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၂၈၀) ထိခိုက်ဆုံးရှုံးခဲ့သည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ နိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်မှုဒဏ်ခံရသော လယ်ယာမြေစုစုပေါင်း ၃၇၂၇၃၃ ဟက်တာရှိသည့်အနက် သီးနှံစိုက်ခင်း ဟက်တာ ၂၀၀၀၀၀ ကျော် ပျက်စီးခဲ့သည်။ ဩဂုတ် ၂၀ ရက်မှစတင်ပြီး တောင်ကျရေနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ဘင်္ဂလားဒေ့ရှ်အရှေ့တောင်ပိုင်းရှိ ဖီနီ၊ ကမ်မီလာ၊ စစ်တကောင်းနှင့် နိုအာခါလီအပါအဝင် ခရိုင်အများအပြား ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ အကြီးတန်းသတင်းထုတ်ပြန်ရေးအရာရှိ မိုဟာမက်ဇာကီရာဟူစိန်က လယ်သမား ၁ ဒသမ ၄ သန်းကျော်သည် ရေကြီးနစ်မြုပ်မှုဒဏ်ကိုခံခဲ့ရကြောင်း ပြောကြားပြီး ဝန်ကြီးဌာနက လယ်သမားများကိုထောက်ပံ့ရန် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်နေပြီဟု ဆိုသည်။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ခရိုင် ၁၁ ခုတွင် သေဆုံးသူ ၇၁ ဦးအထိရှိပြီး ဖီနီခရိုင်တစ်ခုတည်းတွင် ၂၉ ဦး သေဆုံးခဲ့မှုနှင့်အတူ ရေကြီးမှုကြောင့် လူပေါင်း ငါးသန်းကျော် ထိခိုက်ခဲ့သည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမရှစ်လအတွင်း မိုးကြိုးပစ်ခံရမှုကြောင့် လူပေါင်း ၅၀ သေဆုံး

**ဖနောင်ပင် စက်တင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမရှစ်လအတွင်း မိုးကြိုးပစ်ခံရမှုများကြောင့် လူပေါင်း ၅၀ သေဆုံးကြောင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောသည်။ ယမန်နှစ် အလားတူကာလက ယင်းဖြစ်ရပ်ကြောင့် လူပေါင်း ၆၄ ဦး သေဆုံးခဲ့သည့်အတွက် ယခုနှစ်တွင် ၂၂ ရာခိုင်နှုန်းနီးပါး ကျဆင်းလာကြောင်း သိရသည်။



သေဆုံးသူများအပြင် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မိုးကြိုးပစ်ခံရမှုများကြောင့် လူပေါင်း ၄၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု အမျိုးသားကော်မတီဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဆော့သ်ကင်ကိုးလ်မိုနီက ပြောသည်။ မိုးကြိုးပစ်ခြင်းအန္တရာယ်မှ ရှောင်ရှားရန် အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများသည် မုန်တိုင်း သို့မဟုတ် မိုးသည်းထန်စွာရွာသွန်းချိန်တွင် နေအိမ်အတွင်း သို့မဟုတ် အမိုးအကာများအောက်တွင် နေထိုင်သင့်ကြောင်း ၎င်းက ပြောသည်။

မိုးကြိုးပစ်ခြင်းကြောင့် ထိခိုက်သေဆုံးမှုများအပြင် အဆိုပါကာလအတွင်း မုန်တိုင်းကြောင့်လည်း လေးဦးသေဆုံးကာ အခြား ၃၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ နေအိမ် ၄၈၂ လုံး ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်သူများ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများအပေါ် ဘေးအန္တရာယ်သက်ရောက်မှု နည်းပါးစေရေးရည်ရွယ်ကာ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အမျိုးသားလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈) ကို တနင်္လာနေ့တွင် စတင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်မြောက်ပိုင်း တိုင်ဖွန်းမုန်တိုင်း ယာဂီတိုက်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး ၇၈ ဦး ဒဏ်ရာရ

**ဟနွိုင်း စက်တင်ဘာ ၇**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကုန်းတွင်းပိုင်းသို့ စနေနေ့ မွန်းလွဲပိုင်းက တိုင်ဖွန်းမုန်တိုင်း ယာဂီဝင်ရောက်တိုက်ခတ်ရာ လေးဦးသေဆုံးပြီး အခြား ၇၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောသည်။

တိုင်ဖွန်းမုန်တိုင်း ယာဂီသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ အတွင်း မြောက်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခတ်သည့် အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ဘေးကင်းမှုမရှိသည့် ဒေသခံ ၅၃၀၀၀ နီးပါးကို ပိုမိုလုံခြုံဘေးကင်းသောနေရာများသို့ ပြောင်းရွှေ့ထားပြီးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

## မျောက်ကျောက်ရောဂါဖြစ်ပွားမှု ပိုမိုများပြားလာသည်ဟု အာဖရိကစီဒီစီ သတိပေး

**ကင်ရှာဆာ စက်တင်ဘာ ၇**

အာဖရိက၌ မျောက်ကျောက်ရောဂါကူးစက်မှု ပို၍များပြားလာသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိက စီဒီစီ )က စက်တင်ဘာ ၆ ရက်တွင် သတိပေးခဲ့သည်။

အာဖရိကစီဒီစီသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပူးပေါင်းကာ အာဖရိကတိုက်ဆိုင်ရာ မျောက်ကျောက်ရောဂါတုံ့ပြန်ရေး အစီအစဉ်ကို စတင်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ ကြာမြင့်မည့် ခြောက်လအစီအစဉ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ နီးပါးကို ဘဏ္ဍာငွေအဖြစ်ခန့်မှန်းထားသည်။ ယခုအချိန်အထိ မျောက်ကျောက်ရောဂါ တုံ့ပြန်ရေးအတွက် ရောဂါဖြစ်ပွားရာနိုင်ငံများတွင် ရန်ပုံငွေ ၅၅ ရာခိုင်နှုန်းကို ခွဲဝေချထားပြီးဖြစ်သည်။

ကျန်ရှိသည့် ၄၅ ရာခိုင်နှုန်းကို မိတ်ဖက် အဖွဲ့အစည်းများမှ တစ်ဆင့် လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုဆီသို့ ဦးတည်သွားမည်ဟု သိရသည်။

၂၀၂၄ ခုနှစ်မှစ၍ အာဖရိကတိုက်တွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသည်ဟု သံသယရှိသူ ၂၄၈၅၁ ဦးရှိသည်ဟု အာဖရိက စီဒီစီမှ ညွှန်ကြားရေးမှူးချုပ် ဂျိန်းကာဆေယာက ပြောသည်။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံသည် ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်မနေရာဖြစ်ပြီး ကူးစက်ခံရသူပေါင်း ၂၀၄၆၃ ဦးရှိသည်။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ စက်တင်ဘာ ၅ ရက်က ပထမဆုံးအကြိမ်အဖြစ် မျောက်ကျောက်ရောဂါ ကာကွယ်ဆေးအလုံးရေ ၉၉၁၀၀ ရောက်ရှိခဲ့သည်။ ကာကွယ်ဆေးစတင်ထိုးနှံပေးမည့်ရက်စွဲကို မကြေညာရသေးချေ။

ဆင်ဟွာ

# စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး(ပထမအကြိမ်)အလှူတော်ငွေပေးအပ်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး (ပထမအကြိမ်) အလှူတော်ငွေပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက်က အဆိုပါ စေတီတော်ကြီးရှိ ပုညရှင်သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပင့်သံဃာဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်များက "နမောတဿ"သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြင့်တော်မူသော ပရိတ်တရားတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးက အလှူငွေကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၅၀၀တို့ကို စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ မတည်ပေးအပ်လှူဒါန်းရာ (ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နိဂုံးချုပ်သြဝါဒကထာ နာယူကြည်ညိုကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။



အဆိုပါ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး (ပထမအကြိမ်) အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားတွင် ငွေကျပ် ၁၀ သိန်းနှင့်အထက် လှူဒါန်းသူ ၆၀၊ ငွေကျပ် ၁၀ သိန်းအောက်၊ လှူဒါန်းသူ ၁၄၆ ဦး၊ ငွေကျပ် ၂၅၀၀၀၀ လှူဒါန်းသူ ၁၀၇ ဦးနှင့် ယနေ့ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်စုစုပေါင်း ၃၁၃ ဦးမှ ငွေကျပ် ၄၇၆၂၈၂၇၀၀ (ငွေကျပ် သိန်းပေါင်းလေးထောင့်ခုနစ်ရာ ခြောက်ဆယ့်နှစ်သိန်း ရှစ်သောင်းနှစ်ထောင် ခုနစ်ရာတိတိ) ကို ဆက်ကပ်လှူဒါန်းကြသည်။

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရန်အတွက် ငှက်ပျောဖူးတော်မှ ပထမပစ္စယာအထိ ကိုးလက်မပတ်လည် ကြေးပြားအချပ် ရေပေါင်း ၂၂၇၀၀ ချပ်ခန့်နှင့် နှစ်လက်မပတ်လည်ရွှေဆိုင်း ၆၀၀၀ ကျော် အသုံးပြုကာ ငွေကျပ်သိန်းပေါင်း ၂၀၀၀၀ ကျော် ကုန်ကျခံကာ ဆောင်ရွက်သွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်အလှူရှင်များအနေဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်၍ ကုသိုလ်ယူလို သူများအတွက် ဂေါပကအဖွဲ့ထံသို့ ဆက်သွယ်ကာ ရွှေစင်ရွှေဆိုင်းများ ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့ပေါ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုအားပေး

**ဘားအံ စက်တင်ဘာ ၇**

ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့ကို မြို့အင်္ဂါရပ်များနှင့် အညီ သန့်ရှင်းသာယာလှပသော အစိမ်းရောင် ခရီးသွားမြို့တော်ဖြစ်စေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို အပတ်စဉ်စနေနေ့တိုင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည်ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



**စုပေါင်းသန့်ရှင်းဆောင်ရွက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ပေါ်ရှိသုဓမ္မာနိကာယအရိယဝံသကျောင်းတိုက်၊ မဟာဝိဇယာရာမသရက်တော ကျောင်းတိုက်၊ မြိုင်သဇင်ကျောင်းတိုက်၊ လေသာကျောင်းတိုက်၊ အမိတာရာမရဲကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး အဆိုပါ ကျောင်းတိုက်များတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၈၅၀ ကျော်ဖြင့် ယာဉ်၊ ယန္တရားများ အသုံးပြု၍ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ဖယ်ရှားခြင်း၊ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း အစရှိသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး (ဝဲပုံ) တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ဈေးရောင်းဝယ်ဖောက်ကား ကြည့်ရှု**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့မဈေးကြီးအား သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများ စီမံဆောင်ရွက်ထားရှိမှု၊ ဈေးအတွင်း ဈေးသူ၊ ဈေးသားများ၏ ရောင်းဝယ်ဖောက်ကားနေမှု၊ မြို့မသားငါးဈေးရုံအတွင်း အသားနှင့် ငါးအမျိုးမျိုး ရောင်းဝယ်ဖောက်ကားနေမှု၊ အမှတ် (၁) အဆင့်မြင့်ပျံ့ကျဈေးအတွင်း ဆန်၊ အသား၊ ငါး၊ ပဲအမျိုးမျိုး၊ အခြေခံစားသောက်ကုန်၊ ဟင်းသီး၊ ဟင်းရွက်များနှင့် လူသုံးကုန်၊ စားသောက်ကုန် အမျိုးမျိုး ရောင်းဝယ်ဖောက်ကားနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ ဈေး ရောင်းချသူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမေးမြန်းခဲ့ရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ရှိသူများက ဈေးအတွင်း ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေး စီမံဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အများပြည်သူ စိတ်အေးချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မြို့နယ်သန်းခေါင်စာရင်း ကော်မတီနှင့် စာရင်းစစ်၊ စာရင်းကောက်များတွေ့ဆုံ



**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ မြို့နယ်သန်းခေါင်စာရင်း ကော်မတီနှင့် စာရင်းစစ်/ စာရင်းကောက်များ တွေ့ဆုံပွဲကို စက်တင်ဘာ ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ် သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမောင်မောင်က ကောက်ယူမည့် နည်းလမ်း၊ ကောက်ယူရမည့်ပုံစံများ စသည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းကာ တက်ရောက်လာသူများက သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါ မြို့နယ်သန်းခေါင်စာရင်းကော်မတီနှင့် စာရင်းစစ်/ စာရင်းကောက်များ တွေ့ဆုံပွဲသို့ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက် သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်/ကျေးဥက္ကဋ္ဌများ၊ စာရင်းစစ်/ စာရင်းကောက်များ တက်ရောက်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တိုက်ကြီးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်သီးနှံပျက်စီးမှုများ အပြည့်အဝပြန်လည်စိုက်ပျိုးနိုင်ရေး တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်



**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ဥတိုကျေးရွာ ရွှေဝါထွန်းခန်းမ၌ ကျင်းပသည့် မြို့နယ်အတွင်း ရေကြီးနစ်မြုပ်သီးနှံပျက်စီးမှုများ အပြည့်အဝပြန်လည်စိုက်ပျိုးနိုင်ရေး တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေက ရေကြီးနစ်မြုပ်မှုကြောင့် မိုးသီးနှံပျက်စီးကေများနှင့် နည်းစနစ်မှန်စွာ ပြန်လည်စိုက်ပျိုးနိုင်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇူလိုင်လအတွင်း နေ့စဉ်ရက်ဆက် မိုးရွာသွန်းသဖြင့် မြစ်ရေနှင့် ချောင်းရေကြီးကာ ရေလျှံခြင်းကြောင့် တိုက်ကြီးမြို့နယ်ရှိ အချို့ကျေးရွာများရှိ လူနေအိမ်များအတွင်း ရေဝင်ရောက်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်အပါအဝင် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုလည်းကျေးရွာ ၅၅ အုပ်စုရှိ တောင်သူ ၈၇၀၈ ဦး၏ မိုးစပါး ကေ ၆၂၈၀၂ ကေ ရေကြီးနစ်မြုပ်ခဲ့ပြီး ၆၁၃၃၄ ကေ ထိခိုက်ခဲ့ကြောင်း၊ ၅၄၀၄၂ ကေမှာ ပျက်စီးသွားခဲ့ရာ ၃၃၂၈၃ ကေပြန်စိုက်နိုင်ခဲ့ပြီး ၂၀၇၅၉ ကေ စိုက်ရန် ကျန်ရှိကြောင်း သိရ၍ မျိုးစပါးမျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများ လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder) ဖြင့် စိုက်ကြရန်နှင့် Seeder ဖြင့် စိုက်ခြင်းကြောင့်ရရှိသည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက တောင်သူများအား ရက် ၉၀ မျိုးစပါးနှင့်သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ဥတိုသဲပြားကျေးရွာရှိ တောင်သူ ဦးထွန်းထွန်း၏ ငါးကေ စိုက်ခင်းတွင် Seeder ဖြင့် မျိုးစေ့ချပြန်လည် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် မြို့နယ်ပေါင်း ၁၅ မြို့နယ်၊ ကျေးရွာအုပ်စု ၂၁၅၊ တောင်သူပေါင်း ၁၄၃၇၄ ဦး၊ မိုးစပါးစိုက် ၉၂၀၅ ကေ၊ မိုးနှမ်းကေ ၉၀နှင့် မိုးဖူးစားပြောင်း ၁၆၅ ကေ စုစုပေါင်းမိုးသီးနှံ ကေ ၉၉၄၆၀ ရေလွှမ်းနစ်မြုပ်ခဲ့ပြီး ရေစတင်နစ်မြုပ်သည့်ဇူလိုင် ၁၆ ရက်မှ ရေပြန်ပေါ်သည့် ဩဂုတ် ၃၀ ရက်အထိ ရေနစ်မြုပ်ကာလကြာမြင့်ခြင်းကြောင့် မိုးစပါး ၇၄၀၁၁ ကေ၊ မိုးနှမ်းကေ ၉၀ နှင့် မိုးဖူးစားပြောင်း ၁၆၅ ကေ ပျက်စီးခဲ့ရာ စက်တင်ဘာ ၆ ရက်အထိ ၃၅၄၄၃ ကေ ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် နေပြည်တော် - မန္တလေး ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် မန္တလေး-မြို့ဟောင်း-ဆည်တော်-ဇီးပင်ကြီး-ပြင်ဦးလွင် ရထားလမ်းပိုင်းအခြေအနေကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ နေပြည်တော်–သာစည် – သဲတော – မန္တလေး ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု၊ မန္တလေး – မြို့ဟောင်း – ဆည်တော် – ဇီးပင်ကြီး – ပြင်ဦးလွင် ရထားလမ်းပိုင်းရှိဘူတာများ၊ ရထားလမ်းတံတားများ၏ အခြေအနေနှင့် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (ပြင်ဦးလွင်)တို့ကို စစ်ဆေးသည်။

**မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး**

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် နေပြည်တော် – သာစည် – သဲတော – မန္တလေး ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးပြီး တံတားအဝင်၊ အထွက် နေရာများတွင် ခုန်ဆောင့်လူးမဖြစ်စေရေး Run Off Frame များ စနစ်တကျ တပ်ဆင်သွားရန်နှင့် Alignment တိကျမှန်ကန်စေရေး စနစ်တကျစစ်ဆေးသွားရန်၊ တံတားနေရာများရှိ ဆွေးမြည့်နေသည့်သစ်သားဇလီဖားများ လဲလှယ်ရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး ပြုပြင်ဆောင်ရွက်သွားရန်၊ သံလမ်းအဆက်နေရာများတွင် သံလမ်းအဆက် ညှိခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ ရေတိုက်စားခံရသည့် တံတားရေလယ်တိုင်များတွင် ကျောက်ကြီးချရန်နှင့် လိုအပ်သည့် ရေလမ်းကြောင်းရရှိရန်အတွက် ရေကာတန်းများ ရိုက်ရန်၊ ရေတိုက်စားခံရသည့် တာပေါင်များ သတ်မှတ်အကျယ် ရရှိအောင် မြေဖို့ဖိကြိတ်ခြင်းများ ဆောင်ရွက်ရန်နှင့် ရထားလမ်းပိုင်းအတွင်း သတ်မှတ်စံချိန်စံနှုန်းအတိုင်း လမ်းခင်းကျောက်များ စနစ်တကျ ဖြည့်သွင်းပြီး Hand Tamping Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ဖြင့် ကျောက်ပါကင်ရိုက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**ဘူတာများသပ်ရပ်ရေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေး – မြို့ဟောင်း – ဆည်တော် – ဇီးပင်ကြီး – ပြင်ဦးလွင် ရထားလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရထားလမ်းပိုင်းရှိ လွန်းထိုးလမ်းပိုင်းနေရာများကို စနစ်တကျပြုပြင်ထိန်းသိမ်းရန်၊ ဘူတာများနှင့် ဘူတာယာဒ်ဝင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရန်၊ ကွန်ကရစ်ဇလီဖားတုံးများကို သတ်မှတ် အကွာအဝေးအတိုင်း ထည့်သွင်း ဆောင်ရွက်ရန်နှင့် ဘူတာ ဆေးအရောင်များကို သတ်မှတ်ဆေးအရောင်များ သုတ်ရန် ဆွေးနွေးမှာကြားသည်။

**ခရီးသွားများစိတ်ချမ်းသာရေး**

ထို့ပြင် ဒုတိယဝန်ကြီးသည် ရထားလမ်းဘေးရှိ ကျူးကျော်များ ရှင်းလင်းရေး၊ ရန်ကုန် – မန္တလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသည့် လူစီးရထားများ ဝင်ချိန်၊ ထွက်ချိန်မှန်ကန်စေရေး၊ ရထားများ ခရီးဆုံးဘူတာဆိုက်ရောက်ပြီးသည့်အခါ ရထားတွဲအတွင်း၊ အပြင် သန့်ရှင်းရေးစနစ်တကျဆောင်ရွက်စေရေး၊ ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ မြန်မာ့မီးရထား ဆေးပေးခန်း (ပြင်ဦးလွင်)တွင် ဝန်ထမ်းမိသားစုများ ဆေးကုသမှု ပိုမိုခံယူနိုင်ရေး ကျန်းမာရေးဆွေးနွေးပွဲများ စီစဉ် ဆောင်ရွက်ပေးသွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် MIU နှင့် Winner Soccer အသင်း ဗိုလ်လုပွဲတွင် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၇**

၂၀၂၄ MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၇ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ MIU နှင့် Winner Soccer အသင်း ဗိုလ်လုပွဲ တက်ရောက်ပြီး VUC အသင်း ရှုံးပွဲကြုံတွေ့ကာ ချန်ပီယံဘွဲ့ လက်လွှတ်ခဲ့ရသည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် Winner Soccer အသင်းက ပြည့်စုံအသင်းကို သုံးဂိုး–တစ်ဂိုး၊ MIU အသင်းက လက်ရှိချန်ပီယံ VUC အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရသည်။

**ချန်ပီယံအိပ်မက်အဆုံးသတ်**

အသင်းကြီးနှစ်သင်းဖြစ်သည့် VUC အသင်းနှင့် MIU အသင်းတို့ ထိပ်တိုက် တွေ့ဆုံသည့်ပွဲတွင် MIU အသင်းက နိုင်ပွဲရယူကာ ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ခဲ့သည်။ ယခုနောက်ပိုင်း MIU နှင့် တွေ့ဆုံသည့်ပွဲများတွင် အသာရထားသည့် VUC အသင်းသည် ပထမပိုင်းတွင် အနိုင်ရပြီးမှ ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့ရသည်။ MIU အသင်းသည် ပြီးခဲ့သည့် နှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း ယခုနှစ်တွင် ပြန်လည် တက်ရောက်နိုင်ခဲ့ပြီး VUC အသင်း၏ သုံးကြိမ်ဆက် ချန်ပီယံအိပ်မက်ကို အဆုံးသတ်ခဲ့သည်။

**ယှဉ်ပြိုင်ကစားရမည်ဖြစ်**

စက်တင်ဘာ ၉ ရက်တွင် တတိယနေရာလုပွဲအဖြစ် ပြည့်စုံအသင်းနှင့် VUC အသင်း၊ ဗိုလ်လုပွဲအဖြစ် MIU နှင့် Winner Soccer အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ONE 168: Denver ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အောင်လအန်ဆန် ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့်ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာစံတော်ချိန် စက်တင်ဘာ ၇ ရက် နံနက်အစောပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ONE 168: Denver ပြိုင်ပွဲတွင် ပါဝင်ထိုးသတ်ခဲ့သည့် မြန်မာဖိုက်တာ အောင်လအန်ဆန် ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

အောင်လအန်ဆန်သည် ယခုပွဲအရေးနိမ့်ခဲ့သဖြင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်စိန်ခေါ်ခွင့် ရနိုင်မည့်အခွင့်အရေး နည်းပါးသွားပြီဖြစ်သည်။ အသက် ၃၉ နှစ် ကျော်လာပြီဖြစ်သည့် မြန်မာဖိုက်တာ အောင်လအန်ဆန်အတွက် ရှုံးချက်နာသည့် ပွဲတစ်ပွဲဖြစ်ခဲ့သည်။ အောင်လအန်ဆန်သည် တူရကီနိုင်ငံသား ရှာမေးလ်အာဒိုဂန်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အာဒိုဂန်ကို အဘက်ဘက်မှ ယှဉ်နိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပထမအချီစကတည်းက အာဒိုဂန်က ချုပ်ကွက်ဖြင့် ပွဲသိမ်းနိုင်ရန် ကြိုးပမ်းခဲ့ရာ အောင်လအန်ဆန် အနေဖြင့် ရုန်းထွက်ရန် ကြိုးစားရင်း အချိန်ကုန်ခံရသလို အားကုန်သွားသဖြင့် ဒုတိယအချီတွင် သိသိသာသာအားပျော့ခဲ့သည်။ ဒုတိယအချီအစတွင် Stand Fight ယှဉ်ထိုးသတ်သော်လည်း အာဒိုဂန်ကသာ အနိုင်ရခဲ့ပြီး တစ်မိနစ်ကျော်တွင် အာဒိုဂန်က ချုပ်ရန် ကြိုးပမ်းခဲ့ပြီး အပေါ်စီးမှ ဆက်တိုက်ဖိထိုးရာ ၂ မိနစ် ၄၈ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အာဒိုဂန် အနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် ကစားသမားဘဝ ၄၅ ပွဲမြောက် ထိုးသတ်ရာ ၁၄ ပွဲမြောက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရွှေဘိုမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေသိမ်တော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်

**ရွှေဘို စက်တင်ဘာ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေသိမ်တော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ရွှေဘိုမြို့ သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ခဲ့ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။



ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်လာသူများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသလင်္ကာရာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေသည်။


ဆက်လက်၍ အလှူရှင်များက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်တင်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် စေတီတော်အထွတ်တွင် သာသနာအောင်လံတော်ကို လွှင့်ထူပူဇော်၍ ပရိတ်နံ့သာနှင့် ရေစင်များပက်ဖျန်းသွန်းလောင်း ပူဇော်ခဲ့ပြီး သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ ဇယမင်္ဂလာအောင်ဂါထာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူပြီး ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့သည်။

ထို့နောက် ဥပသကာများက သံဃာတော်များထံ ဗုဒ္ဓဘိသေက အနေကဇာတင်လျှ၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်၍“ဒေဝဂမန ဝေလာဂါထာ”ကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပို့ဆောင်ကာ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု”သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။ အဆိုပါလှူဒါန်းမှုတွင် ရွှေဘိုတပ်နယ်မှူးနှင့် အရာရှိစစ်သည် မိသားစုဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် စေတနာရှင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်းလေးရာကျော် ပါဝင်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုပ္ပားတောင်ကလပ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကို အကျဉ်းချုံးကျင်းပမည်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်၌ ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော်လည်း ယခုနှစ် ကျင်းပမည့် (၇၂)ကြိမ်မြောက် ဘိုးတော်ထွက်ပွဲကို အတီးအမှုတ်၊ ပွဲလမ်းသဘင်များနှင့် နတ်ကနားပွဲများ ထည့်သွင်းကျင်းပခြင်းမပြုဘဲ အဓိဋ္ဌာန်ပွဲပေးခြင်းနှင့် ဘုရားဖူးလာရောက်ခြင်းများကိုသာ စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။



မြန်မာပြည် အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ၏ အိုအေစစ်ဖြစ်သည့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်၌ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ဘိုးတော်အောင်မင်းခေါင် ပြည်တော်ဝင် ထွက်ပွဲ/အောင်ပွဲကို နှစ်စဉ်နှစ်တိုင်း တော်သလင်းလပြည့်နေ့မှ တော်သလင်းလပြည့်ကျော် နှစ်ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ယုံကြည်ကိုးကွယ်ကြသူများက အဓိဋ္ဌာန်ပြု အုန်း/ငှက်ပျောပွဲတင်ခြင်း၊ ဘိုးမင်းခေါင်အား ဦးထိပ်ထား၍ စတုဒိသာ ကျွေးမွေးခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်းနှင့် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ဆောင်ရွက်ကြလေ့ရှိသည်။ ယခုနှစ် (၇၂)ကြိမ်မြောက် ဘိုးတော်ထွက်ပွဲတွင် အတီးအမှုတ် အကအခုန်များ၊ နတ်ကနားပေးခြင်းများနှင့် ရှမ်းအိုးစည်အဖွဲ့များကို ခွင့်ပြုပေးသွားမည်မဟုတ်ဘဲ တောင်ကလပ် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဘုရားဖူးပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း ဘဏ္ဍာထိန်းဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **နေအောင်(ပြန်/ဆက်)**



မုဒုံမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က မြို့ကျက်သရေဆောင် ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်ဝင်း၊ မြို့မရဲစခန်းမှ ဒုရဲမှူး ဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ အောင်မျိုးသူ (ပြန်/ဆက်)



နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ပဲခူးမြို့နယ် တောင်သူစုကျေးရွာရှိ ရွှေဘုန်းပွင့်စေတီဘုရားဝင်းအတွင်း ပဲခူးခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ နေလင်း(ညောင်လေးပင်)

# မြိတ်မြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကျင်းပ

**မြိတ် စက်တင်ဘာ ၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဟိုတယ်ဝန်ထမ်းများ၏ ဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးများ မြှင့်တင်ဆောင်ရွက်နိုင်စေရန်အတွက် ဖွင့်လှစ်သော ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာ အခြေခံ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၆ ရက်က Hotel Grand Jade ခန်းမ၌ ကျင်းပသည်။



မြိတ်ခရိုင်အတွင်းရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်ပြီး အရည်အသွေးပြည့်မီသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးဆောင်နိုင်ရန်အတွက် ဒေသအတွင်းရှိ ဟိုတယ် ၁၄ လုံးနှင့် တည်းခိုရိပ်သာ လေးလုံး၌ တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများအား ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု အရည်အသွေး တိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြိတ်ခရိုင် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲအောင်မိုးက သင်တန်းဆင်းအမှာစကားပြောကြား၍ မြိတ်ခရိုင် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျောက်စိမ်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ထူးချွန်ဆုရ သင်တန်းသားများအား ဂုဏ်ပြုဆုများ၊ သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သည့် ဟိုတယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းဆင်းလက်မှတ်များကို မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်နန်းနန်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။(ဓာတ်ပုံ)

သင်တန်းတွင် သင်တန်းဘာသာရပ် သုံးမျိုးဖြစ်သည့် ဧည့်ကြိုဘာသာရပ် သင်ခန်းစာများ၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေး ဘာသာရပ်သင်ခန်းစာများ၊ အဖျော်ယမကာ ဝန်ဆောင်မှု ဘာသာရပ် သင်ခန်းစာများကို ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်၍ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး သင်တန်းသား ၆၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့ တေဇရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၇ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လွင်၊ ကျုံပျော်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး တင်လှိုင်နှင့် မြို့မစခန်းမှူး ဒုရဲမှူး ဝင်းထွန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ ကွမ်တုံနိုင်ငံခြားဘာသာနှင့်ပြည်ပကုန်သွယ်ရေးတက္ကသိုလ်တွင် စာပေဟောပြောပွဲကျင်းပ

**ကွမ်ကျိုး စက်တင်ဘာ ၇**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ ကွမ်ကျိုးမြို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့် စာပေယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအဖွဲ့သည် စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ကွမ်ကျိုးမြို့ရှိ ကွမ်တုံနိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေး တက္ကသိုလ်သို့ ရောက်ရှိရာ အဆိုပါ တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဌာနမှူး ကျိုးဖုန်(Zhou Peng)၊ အရှေ့တိုင်း ဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်မှ ပါမောက္ခ လျိုကျစ်ချန် ( Liu Zhi Qiang )၊ မြန်မာစာဘာသာ ဌာနမှူး ကျန်းဝေ့ကော ( Zhong Wei Guo)၊ မြန်မာဘာသာ ဌာန မြန်မာစာကထိကဆရာမ ဝူတီ ( Wu Di )၊ မြန်မာစာဆရာ ကျောက်ချိုင်ကျွင်း (Zhuo Cai Jun) တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ စာရေးဆရာ ရန်ပိုင်ဥက္ကာ၊ စာရေးဆရာမ တက္ကသိုလ်မြမဋ္ဌူ၊ စာရေးဆရာ တော်ကောင်းမင်းတို့က မြန်မာကဗျာမြန်မာစာနှင့် ပတ်သက်သည်များကို ဟောပြောဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာစာအဓိကဘာသာရပ်ကို သင်ကြားပို့ချပေးနေသော တရုတ်လူမျိုးဆရာ ဆရာမများ ၊ မြန်မာစာအဓိက သင်ယူလျက်ရှိသော တရုတ်လူမျိုး တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက် အမှတ်တရစာပေ လက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

**သတင်းစဉ်**



# ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ဘောဂဗေဒဌာန နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်) နီလာရတုခန်းမ၌ ကျင်းပသည်။ ဦးစွာ ပါမောက္ခချုပ်ကိုယ်စား ဘောဂဗေဒဌာန ပါမောက္ခဌာနမှူးက ဂုဏ်ပြုကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် MEA ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်၊ အသုံးချဘောဂဗေဒဌာနပါမောက္ခဌာနမှူးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများက ဆီမီးပူဇော်ခြင်း၊ မြတ်ဆရာသီချင်းဖြင့် သီဆိုပြီး ဘောဂဗေဒဌာနမှ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကန်တော့ကြပြီး ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် ၁၉၂၄ မှ ၂၀၂၄ ခုနှစ်အထိ နှစ် (၁၀၀) အတွင်း ဘောဂဗေဒဌာနတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် မမေ့အပ်သော ဂုဏ်ထူးဆောင်ဘောဂဗေဒဘာသာရပ်ပညာရှင် ဆရာကြီး ဆရာမကြီးများ၏ အမှတ်တရပုံရိပ်များကို ဗီဒီယိုကလစ်ဖြင့် ပြသပြီး ဆရာကြီး ဒေါက်တာသန်းညွန့်၊ ဆရာကြီး ဒေါက်တာမြတ်ဟိန်း၊ ဆရာမကြီး ဒေါ်ညွန့်ညွန့်ရင်တို့က အမှတ်တရစကားပြောကြားကြသည်။

“၂၀၂၄ မှာ နှစ်တစ်ရာပြည့်တာဖြစ်တဲ့အတွက် စခဲ့တဲ့ကာလက ၁၉၂၄ ခုနှစ်ကစတာပါ။ ပညာသင်နှစ်အနေနဲ့ ပြောရရင် ၁၉၂၄ မှ ၂၀၂၄ မှာ ဘောဂဗေဒဆိုတဲ့ ပညာရပ်က မြန်မာနိုင်ငံမှာ စခဲ့တာပါ။ ၁၉၂၀ မှာ ရန်ကုန်တက္ကသိုလ်ဆိုတာ စခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်ရဲ့ လက်အောက်မှာ ဘောဂဗေဒဌာနကို ဖွဲ့စည်းခဲ့ပြီး သင်ကြားရေးကိစ္စတွေ လုပ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် နှစ်ပေါင်းတစ်ရာ ဖြတ်သန်းခဲ့ရတဲ့ အတွက် အပြောင်းအလဲတွေ၊ ကြိုးစားခဲ့ရတာတွေ၊ ဒါတွေရှိတာဖြစ်တဲ့အတွက် နှစ်တစ်ရာပြည့်ကို ခမ်းခမ်းနားနား ကျင်းပဆောင်ရွက်ရတာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေးအခေါ်အယူအဆတွေ၊ လေ့လာဆန်းစစ်မှုများဆိုင်ရာပညာရပ်တွေ ဖြန့်ဝေပေးခဲ့တဲ့ ဘောဂဗေဒဘာသာရပ် အခွန့်ရှည် တည်တံ့နိုင်ရေးကို သတိပြုဆောင်ရွက်စေဖို့၊ နောင်အနာဂတ်အတွက် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများသိရှိနားလည်စေဖို့အတွက် ရည်ရွယ်ပါတယ်”ဟု လုပ်ငန်းကော်မတီမှ ကျောင်းသား ကိုယ်စားလှယ် ဦးမျိုးမြင့်ထွန်းက ပြောသည်။

အဆိုပါ ဘောဂဗေဒဌာန နှစ် (၁၀၀) ပြည့်တွင် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အထိမ်းအမှတ်ဓာတ်ပုံပြပွဲ၊ အမှတ်တရပစ္စည်းများ ရောင်းချပြီး ပြည်တွင်း၊ ပြည်ပကန်တော့ခံ ဆရာကြီး ဆရာမကြီး စုစုပေါင်း ၇၆ ဦး အနက် အသက် ၉၀ အထက် လေးဦး၊ အသက် ၈၀မှ အသက် ၉၀ ကြား ၂၆ ဦး၊ အသက် ၆၅ နှစ်မှ ၈၀ ကြား ၄၆ ဦးရှိကြောင်း သိရသည်။

**အာကာလင်း**



# ရတနာပုံတက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် တက္ကသိုလ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အဆောင်(၃၁) ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် “ဘဝလမ်းညွှန် ဆရာမွန်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် “ဘဝရှေ့ဆောင်မီးရှူးရောင်” ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ရာ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**တင်မောင်-မန်း**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၇**

